## Message Three
## ဂျုံနှင့် မုယောစပါး၏ မြေ

ဖတ်ရန်ကျမ်း။ ။ တရား၈း၈က။ ယော၁၁း၂၅။ ၁၂း၂၄-၂၅။ ၁ကော၁၅း၂၀။ ဧ၁း၂၀

**I. တရားဟောရာ ၈း၈က ရှိ ဂျုံစပါးသည် လူ့ဇာတိခံသော၊ ကားတိုင်ပေါ်အသေခံသော၊ မြှုပ်နှံခံရသော ခရစ်တော်ကို ပုံဆောင်သည် - ယော၊ ၁၂း၂၄။**

A. ကိုယ်တော်၏ပြည့်စုံသောအမှုတော်၌ ကိုယ်တော်၏ လူ့ဇာတိခံခြင်းအဆင့်တွင် ခရစ်တော်သည် အနန္တဖြစ်သော ဘုရားသခင်ကို အကန့်အသတ်ရှိသောလူအထဲသို့ ခေါ်ဆောင်လာခဲ့သည် - ၁း၁၊ ၁၄။

1. အကန့်အသတ်ရှိသောလူအဖြစ် အသွေးအသား၌ရှိသော ခရစ်တော်သည် အချိန်နှင့် နေရာ၌ ကန့်သတ်ခြင်းခံရသည် - ၇း၆၊ ၁၀။
   a. သခင်ဘုရားသည် ထာဝရဖြစ်သော၊ အနန္တဖြစ်သော၊ အကန့်အသတ်မဲ့သော ဘုရားသခင်ဖြစ်သည်၊ သို့သော် ကိုယ်တော်သည် မြေကြီးပေါ် ဤနေရာတွင် လူတစ်ဦးအဖြစ် အသက်ရှင်ခဲ့ကာ၊ အချိန်၏အကြောင်းအရာ၌ ကန့်သတ်ခံခဲ့သည် - အငယ်၊၆။
   b. သခင်ဘုရားသည် အနန္တတန်ခိုးရှင် ဘုရားသခင် ဖြစ်သော်လည်း၊ ညှဉ်းပန်းနှိပ်စက်မှုအောက်တွင် ရှိသော လူတစ်ဦးအဖြစ် ကိုယ်တော်သည် သူ၏လှုပ်ရှားလုပ်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ကန့်သတ်ခံခဲ့သည် - အငယ်၊၁၀။
2. အကန့်အသတ်ရှိသောလူအဖြစ် အသွေးအသား၌ရှိသော ခရစ်တော်သည် အသိပညာ၌ ကန့်သတ်ခံခဲ့သည် - မ၂၄း၃၆။ လု၊၂း၄၀၊ ၅၂။ ညွှန်း၊ ယော၊၇း၁၅။ မာ၊၆း၁-၃။
3. အကန့်အသတ်ရှိသောလူအဖြစ် အသွေးအသား၌ရှိသော ခရစ်တော်သည် ဇာတိဆိုင်ရာ၊ လူသားဆိုင်ရာ အသက်နှင့် မှီခိုရသော ဖြစ်တည်မှု ရှိခဲ့သည် - ယော၊၁၀း၁၁၊ ၁၅၊ ၁၇။ ၆း၅၇က။ မ၁၄း၁၉။

B. ကိုယ်တော်၏ လူ့ဇာတိခံခြင်းမှတဆင့် ခရစ်တော်၏ လူသားဇာတိသည် ကိုယ်တော်၏ ဘုရားဇာတိကို ဖုံးကွယ်ထားသော အခွံဖြစ်လာကာ၊ ထိုသို့ဖြင့် ကိုယ်တော်၏ ဘုန်းတော်ကို ဖုံးကွယ်ထားခဲ့သည် - ယော၊၁း၁၄။ ၁၂း၂၃-၂၄။ လု၊၁၂း၅၀။

1. ကိုယ်တော်၏ ဘုရားဇာတိဘုန်းတော်သည် ကိုယ်တော်၏ လူသားဇာတိအခွံအားဖြင့် ဖုံးကွယ်ခံရသောကြောင့် သခင်ယေရှုသည် ဖိစီးခြင်းနှင့် အနိုင်အထက်ပြုခြင်း ခံရကာ၊ ကိုယ်တော်၏ ဘုရားဇာတိ ဘုန်းတော် လွတ်မြောက်ခြင်းအတွက် ကိုယ်တော်အသေခံခြင်းဖြင့် ဗတ္တိဇံကို ခံရန် တောင့်တမျှော်လင့်ခဲ့သည် - အငယ်၊၅၀။
2. သခင်ဘုရားသည် ရုပ်ပိုင်းဆိုင်ရာအသေခံခြင်းကို ခံရန် လိုအပ်ခဲ့သည်၊ ယင်းမှာ ကိုယ်တော်၏ ဘုရားဆိုင်ရာအသက်နှင့်အတူ ကိုယ်တော်၏ အကန့်အသတ်မဲ့သော၊ အနန္တဖြစ်သော

ဘုရားဆိုင်ရာဖြစ်ခြင်းသည် ကိုယ်တော်၏ အသွေးအသားမှ လွတ်မြောက်ခြင်းအတွက် ဖြစ်သည်။

3. သခင်ယေရှုသည် မြေကြီးထဲသို့ ကျ၍ အသေခံခဲ့ပြီး၊ ထိုသေခြင်းသည် ကိုယ်တော်၏ လူသားအခွံမှ ကိုယ်တော်ကို လွတ်မြောက်စေခဲ့သည် - ယော၊၁၂း၂၄။
   a. ကိုယ်တော်သည် မြေကြီးထဲသို့ ကျ၍ အသေခံခဲ့သည်၊ ထိုသို့ဖြင့် ကိုယ်တော်၏ ဘုရားဆိုင်ရာ ဒြပ်သဘာဝ၊ ကိုယ်တော်၏ ဘုရားဆိုင်ရာအသက်သည် ကိုယ်တော်၏ လူသားဇာတိအခွံအတွင်းမှ လွတ်မြောက်နိုင်မည်ဖြစ်သည်။
   b. မြေကြီးအထဲသို့ ကျသော ဂျုံစပါးမျိုးစေ့အဖြစ် သခင်ယေရှုသည် ကိုယ်တော်၏ ဘုရားဆိုင်ရာအသက်ကို လွတ်မြောက်စေရန်အလို့ငှာ သေခြင်းမှတဆင့် ကိုယ်တော်၏ စိတ်ဆိုင်ရာအသက်ကို ဆုံးရှုံးခံခဲ့သည်။

C. ကျွန်ုပ်တို့ကို ကန့်သတ်ပေးသော၊ ကျွန်ုပ်တို့ကို ဖိနှိပ်ပေးသော အခြေအနေများအလယ်၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဂျုံစပါးမျိုးစေ့အဖြစ် တွေ့ကြုံခံစားနိုင်ပေသည် - အငယ်၊၂၄။

1. ကျွန်ုပ်တို့သည် သခင်ဘုရား၏ အုပ်စိုးဦးဆောင်မှုအားဖြင့် ကျွန်ုပ်တို့ကို ကန့်သတ်ပေးသော၊ ကျွန်ုပ်တို့ ဖိနှိပ်ခံရသော အခြေအနေအထဲသို့ ထားရှိခံရသောအခါတိုင်း ကျွန်ုပ်တို့သည် သခင်ဘုရားကို ဂျုံမျိုးစေ့အဖြစ် တွေ့ကြုံခံစားနိုင်ပါသည် - ရော၊၈း၂၈။
2. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကန့်သတ်ပေးခြင်းနှင့် ကျပ်တည်းစေသော အခြေအနေများ၌ သခင်ဘုရားကို ဆက်သွယ်သောအခါ၊ ကိုယ်တော်သည် အကန့်အသတ်ရှိသောလူဖြစ်လာသည့် ဘုရားသခင်ဖြစ်ကြောင်း၊ ကိုယ်တော်၌ မည်သည့် ကန့်သတ်မှုမျိုးကိုမဆို ထမ်းဆောင်နိုင်သည့် တန်ခိုးရှိကြောင်း ကျွန်ုပ်တို့ သိနားလည်လာလိမ့်မည်ဖြစ်သည် - ဖိ၊၄း၁၃။
3. ကျွန်ုပ်တို့၏အသက်ဖြစ်သော ခရစ်တော်သည် လူ့ဇာတိခံခဲ့သောအရှင်၊ ကန့်သတ်ခြင်းခံခဲ့သောအရှင်၏ အသက်တာကို အသက်ရှင်ရန် ဂျုံမျိုးစေ့အဖြစ် ကျွန်ုပ်တို့အတွင်း၌ ရှိနေသည် - ကော၊၁း၂၇။ ၃း၄။
4. ကျွန်ုပ်တို့သည် သခင်ဘုရားကို ဆက်သွယ်မည်ဆိုလျှင် ကိုယ်တော်ကို ဂျုံမျိုးစေ့အဖြစ် တွေ့ကြုံခံစားလိမ့်မည်ဖြစ်ပြီး၊ ကိုယ်တော်၌ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အခြေအနေကို ကျေနပ်ရောင့်ရဲခြင်း ရှိလိမ့်မည်ဖြစ်သည် - ဖိ၊၄း၁၁-၁၂။
5. ဂျုံမျိုးစေ့အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်ကာ၊ ကျွန်ုပ်တို့ကို ကန့်သတ်ခံရန် လိုလားဆန္ဒရှိစေခြင်း၊ အသေခံရန် လိုလားဆန္ဒရှိစေခြင်း၊ မြှုပ်နှံခံရန် လိုလားဆန္ဒရှိစေခြင်း၊ ဘာမျှမဟုတ်ရန် လိုလားဆန္ဒရှိစေခြင်း ဖြစ်စေသည်။ ဤသည်မှာ ဂျုံမျိုးစေ့အဖြစ် ခရစ်တော်၏ အတွေ့အကြုံဖြစ်သည် - ယော၊၁၂း၂၄-၂၅။

## II. ဂျုံမျိုးစေ့သည် လူ့ဇာတိခံသော၊ အသေခံသော၊ မြှုပ်နှံခံရသော ခရစ်တော်ကို ပုံဆောင်ပြီး၊ မုယောစပါးသည် ရှင်ပြန်ထမြောက်သောခရစ်တော်ကို ပုံဆောင်သည် - တရား၊၈း၈က။

A. ကောင်းသောမြေ၌ မုယောစပါးသည် အခြားမျိုးစေ့မှန်သမျှထက် စောစီးစွာ ရင့်မှည့်ကြသည်။ ထို့ကြောင့် ၎င်းသည် အဦးသီးသောအသီးဖြစ်သည် - ၁ကော၊၁၅း၂၀။

1. မုယောစပါးသည် စောစီးစွာ ရင့်မှည့်သောကြောင့် ၎င်းသည် ရိတ်သိမ်းခြင်း၏ အဦးသီးများဖြစ်ပြီး - ယင်းမှာ ရှင်ပြန်ထမြောက်သော၊ အကန့်အသတ်မဲ့သော ခရစ်တော်ကို ပုံဆောင်သည် - အငယ်၊၂၀။
2. ခရစ်တော်သည် မုယောစပါးအဖြစ်၊ ရှင်ပြန်ထမြောက်သော ခရစ်တော်အဖြစ် ကျွန်ုပ်တို့အတွင်း၌ ရှိကြောင်း၊ ကိုယ်တော်သည် အခြေအနေတိုင်းကို ရင်ဆိုင်ရန် တတ်စွမ်းနိုင်ကြောင်း ကျွန်ုပ်တို့ သင်ယူခြင်းဌာ ရွှင်လန်းဝမ်းမြောက်ကြပါသည်။
3. ရှင်ပြန်ထမြောက်ခြင်း၏ အဦးသီးအဖြစ် ခရစ်တော်သည် သေသောသူတို့မှ သားဦးဖြစ်ပြီး၊ ယင်းမှာ ကိုယ်တော်သည် ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော် ဖြစ်နိုင်ရန်ဖြစ်သည် (ကော၊ ၁း၁၈။ ဧ၊၁း၂၀-၂၃)။ ကိုယ်ခန္ဓာတော်၏ ဦးခေါင်းတော်ဖြစ်သည့် ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခဲ့ပြီဖြစ်သည့်အလျောက်၊ ကိုယ်ခန္ဓာတော်ဖြစ်သည့် ကျွန်ုပ်တို့သည်လည်း ရှင်ပြန်ထမြောက်ခြင်း ရှိလိမ့်မည်ဖြစ်သည်။
4. အဦးသီးအနေဖြင့် ခရစ်တော်သည် အသက်မုန့် ဖြစ်လာခဲ့သည်။ ထို့ကြောင့် မုယောမုန့်သည် ကျွန်ုပ်တို့ထံ အစားအစာအဖြစ် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော ခရစ်တော်ကို ပုံဆောင်သည် - ယော၊၆း၄၈။
   a. နံပါတ်ငါးသည် တာဝန်ရှိခြင်းကို ပုံဆောင်သည်၊ ဤသည်မှာ ရှင်ပြန်ထမြောက်သော ခရစ်တော်သည် တာဝန်ကို ထမ်းဆောင်ရန် တတ်စွမ်းနိုင်ကြောင်း ပုံဆောင်သည်။
   b. ကျွန်ုပ်တို့သည် မုယောမုန့်အဖြစ် ခရစ်တော်ကို စားသုံးနေသည့်အလျောက် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့သော ခရစ်တော်ဖြင့် အခြားသူများကို ကျွေးမွေးရန် မုယောမုန့် ဖြစ်လာကြသည်။
5. မုယောမုန့်ငါးလုံးဖြင့် သခင်ယေရှုသည် လူငါးထောင်ကို ကျွေးမွေးနိုင်ခဲ့ပြီး၊ အကျိုးအပဲ့ တစ်ဆယ့်နှစ်တောင်း ပိုလျှံလျက် ရှိခဲ့သည်။ ဤသည်မှာ ရှင်ပြန်ထမြောက်ခြင်းဖြစ်သည် - မ၊၁၄း၁၄-၂၁။ ယော၊၆း၉၊ ၁၃။

B. မုယောအားဖြင့် ပုံဆောင်ထားသည့် ရှင်ပြန်ထမြောက်သော ခရစ်တော်သည် အကန့်အသတ်မဲ့ ဖြစ်သည် - ဖိ၊၄း၁၃။

1. ဂျုံစပါးသည် ခရစ်တော်၏ လူ့ဇာတိခံခြင်း၊ အသေခံခြင်းနှင့် မြှုပ်နှံခြင်းကို ညွှန်ပြပြီး၊ ဤအရာနောက်တွင် မုယောစပါးသည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၊ ရှင်ပြန်ထမြောက်သော ခရစ်တော်ကို ညွှန်ပြသည် - ယော၊၁၁း၂၅။ ဧ၊၁း၂၀။
2. တစ်ဖက်တွင် ကျွန်ုပ်တို့သည် ဂျုံစပါးအားဖြင့် ပုံဆောင်သည့် အကန့်အသတ်ရှိသော ယေရှုကို တွေ့ကြုံခံစားကြပေမည်၊ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် မုယောစပါးအားဖြင့်

ပုံဆောင်သည့် အကန့်အသတ်မဲ့သော ခရစ်တော်ကို တွေ့ကြုံခံစားနိုင်ကြပေသည် - ယော၊ ၁၂း၂၄။ ဖိး၉၊ ၁၃။

a. လူ့ဇာတိခံခြင်း၌ ယေရှုသည် အလွန်အမင်း ကန့်သတ်ခံခဲ့ရသည်၊ သို့သော် ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်သည် အကန့်အသတ်မဲ့ ဖြစ်သည် - လု၊၁၂း၄၉-၅၀။ ၂၄း၅-၆၊ ၂၆၊ ၃၄၊ ၄၆။

b. ဂျုံစပါးသည် သေခြင်း၏ ချိုင့်ဝှမ်း ဖြစ်သော်လည်း၊ မုယောစပါးသည် ရှင်ပြန်ထမြောက်ခြင်း၏ တောင် ဖြစ်သည်။

3. ဂျုံစပါးဖြစ်သည့် အကန့်အသတ်ရှိသော ယေရှုကို တွေ့ကြုံခံစားရန်အလို့ငှာ ကျွန်ုပ်တို့သည် မုယောစပါးဖြစ်သည့် အကန့်အသတ်မဲ့သော ခရစ်တော်ကို ယူဆောင်လျှောက်လှမ်းရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်သော ခရစ်တော်၏ တန်ခိုးတော်၌ အကန့်အသတ်ရှိသော ယေရှုနောက်သို့ လိုက်ကြသည် - ဟေဗြဲ၊၁၃း၁၂-၁၃။

4. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကို ခွန်အားတန်ခိုးပေးသော အရှင်၌ အရာခပ်သိမ်းကို တတ်စွမ်းနိုင်ကြသည်၊ အကြောင်းမှာ ကိုယ်တော်သည် ရှင်ပြန်ထမြောက်သော၊ အကန့်အသတ်မဲ့သော ခရစ်တော်ဖြစ်သောကြောင့်တည်း - ဖိ၊၄း၁၃။

5. ကျွန်ုပ်တို့သည် ခရစ်တော်ကို ဂျုံစပါးအဖြစ် တွေ့ကြုံခံစားသည့်အခါတိုင်း ခရစ်တော်ကို မုယောစပါးအဖြစ် တွေ့ကြုံခံစားခြင်း လိုက်လာမည်ဖြစ်ကြောင်း ကျွန်ုပ်တို့၌ သေချာမှု ရှိကြသည် - တရား၊၈း၈က။

6. အမှန်တကယ်တွင် ခရစ်တော်ကို ဂျုံစပါးမျိုးစေ့၊ အကန့်အသတ်ရှိသော ယေရှုအဖြစ် တွေ့ကြုံခံစားရန်အလို့ငှာ ကျွန်ုပ်တို့က ကိုယ်တော်ကို မုယောစပါး၊ ရှင်ပြန်ထမြောက်သော ခရစ်တော်အဖြစ် ယူဆောင်လျှောက်လှမ်းရမည်ဖြစ်သည် - ယော၊၁၂း၂၄-၂၅။

7. ကျွန်ုပ်တို့၏လိုအပ်ချက်များကို ကျွန်ုပ်တို့ကိုယ်တိုင် မဖြည့်ဆည်းနိုင်ပါ၊ သို့သော် ကျွန်ုပ်တို့အတွင်း၌ မုယောမုန့်ဖြစ်သည့် အကန့်အသတ်မဲ့သော ရှင်ပြန်ထမြောက်သည့် ခရစ်တော်သည် လိုအပ်မှုတိုင်းကို ဖြည့်ဆည်းကာ၊ ပိုလျှံမှုကိုပင် ထွက်ပေါ်လာစေမည်ဖြစ်သည် - ၁၁း၂၅။

8. ရှင်ပြန်ထမြောက်သော ခရစ်တော်သည် မုယောမုန့်ဖြစ်သည်။ မည်သည့်အရာမျှ ကိုယ်တော်ကို မတားနိုင်ပါ သို့မဟုတ် မကန့်သတ်နိုင်ပါ။

9. ခရစ်တော်သည် ကျွန်ုပ်တို့၌ရှိသော မုယောစပါးဖြစ်ကြောင်း ကျွန်ုပ်တို့ သတိရအောက်မေ့မည်ဆိုလျှင် အစည်းအဝေးသို့ လာကြသောအခါ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်း သို့မဟုတ် ကျွန်ုပ်တို့၏ သက်သေခံချက်အားဖြင့် အခြားသူများကို ကျွေးမွေးရန် ကိုယ်တော်ကို မုယောစပါးအဖြစ် ယူဆောင်လျှောက်လှမ်းနိုင်မည်ဖြစ်သည်။